# သရက်တောကျေးရွာ

## ကျုံနတွေ့ကျေးရွာအုပ်စု၊ မအူပင်မြို့

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း

## (၂၀၁၉-၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

သရက်တောကျေးရွာ၊ ကျုံနတွေ့ကျေးရွာအုပ်စု၊ မအူပင်မြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကူညီရေးဆွဲသည်)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ ဩဂုတ်လ(            )ရက်

## မာတိကာ


**မာတိကာ** ၁

ကျေးဇူးတင်လွှာ ၆

သရက်တောကျေးရွာ သယဇာတပြမြေပုံ၊ မအူပင်

**စကားနိဒါန်း**

**၈ အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ်**

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် မြေမျက်နှာသွင်ပြင်အနေအထား **၁၁**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတက်တက်မှု အခြေအနေ ၁၂

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျား-မရေးရာကိစ္စဆိုင်ရာ

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေ **၁၅**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု - လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၁၈
အဟန့်အတားနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၀

(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မြို့နယ်နှင့်အထက်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စရပ်များ ၂၂

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၅

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ် ၂၈

(၁၀) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၉

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** **၃၁**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

## နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ



### (၁) လူမှုစီးပွါးရေးအခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့် ကျား၊မ အလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနေ အဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်း မရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား ၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သောအုပ်စုများ၏ထိလိုက်လွယ်မှုအခြေအနေ

ဇယား ၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား ၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

### (၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၁၁ ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေး လုပ်ဆောင်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၃ ကျေးရွာစိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား ၁၅ အဓိကသီးနှံများ နှင့် အထွက်နှုန်း

ဇယား ၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ဇယား၂၀ မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား ၂၀  မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား ၂၂  စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ

ဇယား ၂၃  စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွါးရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၄  ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား ၂၅  ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရာ

ဇယား ၂၆  ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား ၂၇  ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၂၈  ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား ၂၉  သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ

ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား ၃၁  ကျောင်းတက်နှုန်း

ဇယား ၃၂  စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား ၃၃  ပညာရေး အခက်အခဲနှင့်ပြဿနာများ

ဇယား ၃၄  အဖြစ်များသော ရောဂါများ

ဇယား ၃၅  လွန်ခဲ့သော ၁၂ လ အတွင်း ကာကွယ်ဆေး ထိုးနှံမှု

ဇယား ၃၆  ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား ၃၇  သောက်သုံးရေ ရရှိနိုင်မှု

ဇယား ၃၈  အိမ်သာ အမျိုးအစား

ဇယား ၃၉  ကျား - မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ဇယား ၄၀  ကျေးရွာ ၏ လမ်းတည်ရှိမှု အခြေအနေ

ဇယား ၄၁  ကျေးရွာ၏ တံတားတည်ရှိမှု အခြေအနေ

ဇယား ၄၂  ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား ၄၃  သယ်ယူပို့ဆောင်ရေး ယာဉ်များ

ဇယား ၄၄  လျှပ်စစ်မီး ရရှိမှု အခြေအနေ

ဇယား ၄၅  ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား ၄၆  ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား ၄၇  ဘေးကင်းလုံခြုံရေး ၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု

ဇယား ၄၈  မှုခင်း ဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၄၀

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်

(ပြဿနာဆန်းစစ်ခြင်းနှင့် ဖြေရှင်းနည်းအထိ)

ကိုးကားစာရင်း

**ကျေးဇူးတင်လွှာ**

ဤကျေးရွာဖွံ့ဖြိုးရေး စီမံချက်သည် ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ် အထိ(၅)နှစ်ကြာအကောင်အထည် ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ရှေးဦးစွာ စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူး တင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူး နှင့်သက်ဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ ပါဝင် ဆောင်ရွက် ပေးကြပါသော ကျေးရွာသူ-ကျေးရွာ သားများ အားလုံးကိုလည်း အထူးကျေးဇူးတင်ရှိ ပါသည်။

မအူပင်မြို့နယ်တွင် ကျေးရွာပေါင်း(၄၄၂)ရွာရှိသည့်အနက်မှ ကျေးရွာဖွံ့ဖြိုး ရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်း(VDP) ဆောင်ရွက်ရန် ရွေးချယ်ခံရာတွင် မိမိတို့ကျေးရွာအား ရွေးချယ်ခဲ့သည့် အတွက် အထူးကျေးဇူးတင်ရှိပါသည်။ မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့တာကြောင့်လည်း ဝမ်းသာပီတိဖြစ်ရပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏ အရေးပါမှု ကိုသိရှိခဲ့ရပါသည်။ထို့အပြင်လိုအပ်သောကိန်းဂဏန်း၊အချက်အလက်များနှင့်နည်းပညာ ပံ့ပိုးမှု တို့ကို မြို့နယ်အဆင့်ဆင့်ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိ ခဲ့ပါသည်။

မိမိတို့၏ လိုအပ်များကို ဦးစားပေးလုပ်ငန်းများ စုပေါင်းဖော်ထုတ်ပြီး နှစ်အလိုက် စီမံချက် များရေးဆွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန်အတွက်လည်း များစွာမျှော်လင့်မိပါ သည်။ မိမိတို့ကျေးရွာမှလည်း အားတက်သရော ငွေအား၊ လူအားများဖြင့် ကူညီဆောင်ရွက်သွား မည်ကိုလည်း ပြောကြားပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် များမှလည်း ယခု ကဲ့သို့ အားတက်သရော ကူညီဆောင်ရွက်ပေးမည်ဟုလည်း ယုံကြည်မိပါသည်။

ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း စီမံကိန်း ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ကြသော မအူပင်မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဌာနဆိုင်ရာ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို သရက်တောကျေးရွာသူ၊ကျေးရွာသားများမှ အထူးပင် ကျေးဇူးတင်ရှိပါသည်။

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်းအဖွဲ့

သရက်တောကျေးရွာ၊ မအူပင်မြို့နယ်

ဩဂုတ်လ၊ ၂၀၂၂ ခုနှစ်


သာဂုက်တောစုကျေးရွာ
လယ်
လယ်
ကျောက်ဖြူလမ်း
ကျောက်ဖြူလမ်း
တာတောင်
တာတောင်
ဘုရားကြီးလမ်း
ဘုရားကြီးလမ်း
လယ်

ရာသီခွန်ပြ ပြက္ခဒိန်

| စဉ် | လများ<br>အကြောင်းအရာ | ဇန်နဝါရီ<br>ပြာသို | ဖေဖော်ဝါရီ<br>တပို့တွဲ | မတ်<br>တပေါင်း | ဧပြီ<br>တန်ခူး | မေ<br>ကဆုန် | ဇွန်<br>နယုန် | ဇူလိုင်<br>ဝါဆို | သြဂုတ်<br>ဝါခေါင် | စက်တင်ဘာ<br>တော်သလင်း | အောက်တိုဘာ<br>သီတင်းကျွတ် | နိုဝင်ဘာ<br>တန်ဆောင်မုန်း | ဒီဇင်ဘာ<br>နတ်တော် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတု | | | | | | | | | | | | |
| ၂ | အလုပ်အကိုင် | | | | | | | | | | | | |
| ၃ | လက်လုပ်လက်စားမိသားစု ဝင်ငွေရရှိမှု | နည်း ← | | → များ | နည်း ← | | | → များ | နည်း ← | | → နည်း | များ ← | → နည်း |
| ၄ | အသုံးစရိတ် | နည်း ← | | | | | → နည်း | များ | | | → နည်း | များ ← | → နည်း |
| ၅ | ချေးငွေလိုအပ်မှု | လိုအပ် ← | | | | | | | | | | | → လိုအပ် |
| ၆ | ဝမ်းစာဖူလုံမှု | | | ဖူလုံ | ဖူလုံ | | | | | | → | | ← |
| ၇ | သောက်သုံးရေရရှိမှု | ရရှိ ← | | | | | | | | | | | → ရရှိ |
| ၈ | တိရိစ္ဆာန်ရောဂါကျရောက်မှု | | | | | | | | | | | ဝက် | |
| ၉ | ကျန်းမာရေးအခြေအနေ | | | | | | ရာသီ တုပ်ကွေး | ရာသီ တုပ်ကွေး | | | | | |
| ၁၀ | သီးနှံရောဂါကျရောက်မှု | သီးနှံ ပိုး, | | | | | | | | | | အလုပ်ဖြတ်ပိုး, | |
| ၁၁ | ပွဲတော် | | ထမနဲပွဲ | | ရွာဘုံ အလှူပွဲ | | | | | | | ကထိန်ပွဲ | |
| ၁၂ | သဘာဝဘေးအန္တရာယ် | | | | | | | | | | | | |

## အပိုင်း (က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## နိဒါန်း

မအူပင်မြို့နယ်တွင် ကျေးရွာပေါင်း (၄၄၂)ရွာ ရရှိသည့်အနက် မှ ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်း စီမံကိန်း အားဆောင်ရွက်ရန် ကျုံနတ္တော်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာ ကို ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်တွင် ရွေးချယ်ခံခဲ့ရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ကျေးရွာသူသားများ ကိုယ်တိုင် ဖော်ထုတ်ကာ (၅)နှစ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အတွက် ဤစာအုပ်အား ရေးသားရခြင်းဖြစ်ပါသည်။

## အခန်း(၁)

### ရည်ရွယ်ချက်

မိမိတို့ ကျေးရွာအား နောင်(၅)နှစ်ကာလ အတွင်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော် အကူအညီ ဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီး နောက်ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့ပြင် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အကြောင်းရင်းခံချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထား ပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်သောအရာများနှင့် ငွေကြေးရရှိ နိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်း များ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင် များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရစေပြီး ကျေးရွာ ဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရ အဖွဲ့များအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီ များကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ် နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရက်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည် ဖြစ်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေး အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်းပြုလုပ်လာ နိုင်ပါသည်။

## ( ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခုဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျေးရွာလူထုဦးဆောင်ပါဝင်သော လုပ်ကိုင်နည်းဖြင့် စုပေါင်းရေးဆွဲကြသောကြောင့် အမြင်ရှင်းလင်းမှုဖြစ်စေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်အတွက် လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်ကြပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုပါဝင်စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊နည်းပညာအခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်

လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## အခန်း(၂)

### ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

သရက်တောကျေးရွာသည် အောင်ဟိတ်-ဆိပ်သာ လမ်းအဆုံးတွင် တည်ရှိပါသည်။ အုပ်ချုပ်ရေး ရုံးစိုက်ရာ ခရိုင်မြို့တော် မအူပင်မြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းတို့ဖြင့် မှီခိုရပ်တည်ရပါသည်။ ဒေသ တစ်နှစ်ပျမ်းမျှ မိုးရေချိန် လက်မ (၁၁.၄၆")မှ (၂၁.၅၄") ဝန်းကျင် တွင်ရှိပြီး စိုက်ပျိုးရေး လုပ်ငန်းများအတွက် အသင့်အတင့် အထောက်အကူပြုသည်။ မြေပြင်အနေထားမှာ မြေပြန့်ဖြစ်ပြီး လယ်မြေများသည် စပါးစိုက်ပျိုး လုပ်ကိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အဓိက အားထားရာ ဖြစ်သည့် (၂)နှစ် တစ်ကြိမ်ခန့် ရေကြီးနှစ်မြုပ်ခြင်းခံရပြီး စီးပွားရေးပျက်စီးမှုများ ခံရပါသည်။ စပါးကို အဓိကထား စိုက်ပျိုးသော ဒေသဖြစ်ပါသည်။

### ( ခ) သဘာဝအရင်းအမြစ်

ကျေးရွာတွင်း လယ်ယာမြေများရှိပြီး မြေအသင့်အတင့်ကောင်းမွန်သည်။ စပါး နှစ်စဉ်စိုက်ပျိုးကြပါသည်။ မိုးစပါးမှာ ရာသီဥတု မမှန်ခြင်း၊ ရိတ်သိမ်းချိန်တွင် မိုးများခြင်းတို့ကြောင့် အထွက်နှုန်း နည်းပါးပါသည်။ ဥယျာဉ်ခြံ အနည်းငယ်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးသီးနှံ အစားထိုး စိုက်ပျိုးနိုင်ရန် နည်းပညာ နှင့် အကူအညီ လိုအပ်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

## အခန်း(၃)

### ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

ကျေးရွာအတွင်းရှိ အိမ်ထောင်စုပေါင်း(၁၆၂)စု ရှိပြီး ကျေးရွာအတွင်းရှိ ကျား/မ အချိုးမှာ အမျိုးသမီးဦးရေမှာ အမျိုးသားဦးရေထက် အနည်းငယ်ပိုများပါသည်။ အလုပ်သမားဦးရေ များသော်လည်း အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။ ကျောင်းနေအရွယ် ကလေးများအတွက် ပညာသင်ကြားရာတွင် ကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် အခြားကျေးရွာရှိ စာသင်ကျောင်းသို့ သွားရောက်ပညာသင်ကြားနေရသောကြောင့် အခက်အခဲရှိကြောင်း တွေ့ရပါသည်။ လုပ်သားဦးရေ များပြားသောကြောင့် ကျေးရွာတွင် စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းခွင်များ ဖော်ဆောင် ပေးရန် လိုအပ်ပါသည်။

### ( ခ)　စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာတွင်အဓိကဝင်ငွေရလုပ်ငန်းမှာစိုက်ပျိုးရေးလုပ်ငန်းများဖြစ်ပြီးတစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အနေသာရှိပါသည်။ ဆင်းရဲချမ်းသာ အဆင့်အတန်း သက်မှတ်မှုတွင် အိမ်ထောင်စု (၁၆၂)လုံး၏ (၂၅)လုံးသည် ချမ်းသာအဆင့်၊(၄၇)လုံးသည် အလယ်အလတ်အဆင့်၊(၇၆) လုံးသည် ဆင်းရဲနှင့် (၉)အလွန်ဆင်းရဲ အဖြစ် ခံယူ သတ်မှတ်ကြသည်။ အိမ်ထောင်စုအများစုသည် လုပ်သားဦးရေများရှိသော်လည်း ကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်းပါကြပါသည်။ ဝင်ငွေ ကောင်းမွန်ပြီး အောင်မြင်စေရန်အတွက် စီးပွားရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရန် စီမံခန့် ခွဲမှုသင်တန်းများ ပြုလုပ်ပေးပါရန် လိုအပ်ပါသည်။ စီးပွားရေးလုပ်ငန်းများအောင်မြင်စွာတိုးချဲ့လုပ်ကိုင်နိုင်ရန် ငွေကြေးအရင်းအနှီးများ လိုအပ်ပါသည်။ ကျေးရွာချင်းဆက်သွယ်ရေးများ ဖွံ့ဖြိုးလာမှုနှင့် ကားလမ်း ဆက်သွယ်တည်ရှိမှု ပိုမိုတိုးတက်လာပါသည်။ယင်းတို့အနက်ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး လယ်ယာ အငှားလုပ်သမားများ၊ လက်လုပ်လက်စားများနှင့် မြေယာမဲ့ အိမ်ထောင်စုများ ပါဝင်သည်။

### (ဂ)　ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက်လယ်ယာလုပ်ငန်း၊ ငါးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ ခေါင်းရွက်ဗျက်ထိုး လုပ်ငန်းများ၊ဆန်စက်၊တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ အထည်ချုပ်စက်ရုံ၊ ဟော်တယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေကြသည်။ ကျေးရွာ၏ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စု အများစုမှာ စားဝတ် နေရေးအတွက် ကျပန်းလုပ်ငန်းများလုပ်ကိုင်၍ ဖြေရှင်းနေရပါသည်။ ဆင်းရဲ၍မိသားစုဦးရေများပြားသည့် အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ကျေးရွာ

အိမ်ထောင်စု၏(၄)စုရှိသော်လည်း ကျေးရွာအတွင်း အလုပ်မရွေး လုပ်ကိုင်ကာ စားသောက်နေကြပါသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာမှ အသုံးပြု သောက်သုံးနေရသော ရေမှာ ချောင်းရေများကိုသာ အသုံးပြုနေကြရပါသည်။ မိုးရာသီတွင် ရာသီတုပ်ကွေး အဖြစ်များပြီး သွေးလွန်တုပ်ကွေးဖြစ်ပွားမှု နည်းပါးပါသည်။ ပိုလီယိုကာကွယ်ဆေးထိုးခြင်း၊မေးခိုင်၊ကိုယ်ဝန်ဆောင်ကာလအတွင်းဝက်သက်ရောဂါ ကာကွယ်ဆေး ပိုမှန် ကျန်းမာရေးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

**(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်သာရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုလိုလို အရေးအဖက်ကျွမ်းကျင်ကြပါသည်။ ဘွဲ့ရ အရေအတွက်မှာ အသင့်အတင့်ရှိပါသည်။ ပညာအရည်အချင်း အသင့်အတင့်တက်မြောက်ကြ သော်လည်း စီးပွားရေးအခြေအနေနှင့် အသိပညာ ဗဟုသုတနည်းပါးခြင်းကြောင့် လူငယ်လူရွယ်များ အတွက်အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

**(စ) ကျား-မ ရေးရာဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျား-မရေးရာဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာတွင် လူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းမွန်စွာ သတ်မှတ်ကြပါသည်။ ကျေးရွာအတွင်း ကျား-မ အကြား ပြင်းထန်သော အိမ်တွင် အကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အမျိုးသားများနှင့် အတူ အမျိုးသမီးများလည်း ဦးဆောင် ပါဝင်လေ့ရှိသည်။ ပညာရေး နှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောကျ်ားလေး အရေအတွက်ထက် အနည်းငယ်များနေသော်လည်း တက္ကသိုလ်ကျောင်းများတွင် ယောကျ်ားလေး အရေအတွက်မှာ မိန်းကလေး အရေအတွက်ထက် နည်းနေ၍ အမျိုးသမီးများ အတွက် ပညာသင်ယူ ရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများ နှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် လုပ်အားခများမှာ အမျိုးသားများက ပိုမိုရကြပါသည်။ ဥပမာဖြင့် လုပ်အားခ သဘာဝနှင့်အင်အားစိုက်ထုတ်ရမှု တူညီသော်လည်းအမျိုးသမီးများသည် အမျိုးသာများထက် လုပ်အားခ နည်းပြီး ရကြပါသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မှု အမျိုးသမီးပါဝင်မှု အလွန်လျော့နည်းပါသည်။ကျား-မ တန်းတူညီမျှမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ တန်းတူညီမျှမှု ဖွံ့ဖြိုးမှုအတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

# အခန်း(၄)

## ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းဖွံ့ဖြိုးရေးအဖွဲ့(၄)ဖွဲ့ရှိပြီး အဖွဲ့အစည်းအားလုံးတွင် ဂေါပကအဖွဲ့သည် လုပ်ငန်း ဖော်ဆောင်မှု အကောင်းဆုံးအဖွဲ့ ဖြစ်သည်။ ဂေါပကအဖွဲ့သည် ကျန်အဖွဲ့များနှင့် ဦးဆောင် ဦးရွက်ပြု၍ ဆောင်ရွက်သည်။ လုပ်ဆောင်မှုအသင့်အတင့် ကောင်းမွန်သည်ကို တွေ့ရှိရပါသည်။ ကျေးရွာရှိအဆိုပါ အဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့် တစ်ဖွဲ့အကြား ချိတ်ဆက် ဆောင်ရွက်မှု အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကျသည်။ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းရှိပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုကောင်းမွန် လာနိုင်ပါသည်။

### ( ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်စိုက်ပျိုးမြေများအတွက်ရေအလုံအလောက်ရရှိသော်လည်း နွေရာသီတွင်ချောင်း ကော နေခြင်းကြောင့် ရေများနောက်ခြင်းနှင့်ရေသုံးစွဲမှုတွင် အခက်အခဲများ ရှိပြီး လယ်ယာမြေ များတွင် ဖျက်ပိုးရောဂါများနှင့် ရွှေခရုများ ရှိကြပါသည်။ စိုက်ပျိုးရေး အဖွဲ့များ ဖိတ်ခေါ်၍ အသိပညာ ပေးဟောပြောပွဲများ ပြုလုပ်လေ့ရှိ သော်လည်းလိုက်နာကျင့်သုံးမှု အားနည်းကြပါသည်။ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်နိုင်ရန်အတွက် မြေနေရာနှင်ထုတ်ကုန်ဈေးကွက်ရှိသော် အရင်းအနှီး နည်းပါးခြင်းနည်းပညာအကူအညီနှင့်နည်းလမ်းများ မသိရှိခြင်းတို့ကြောင့် အခက်အခဲများ ရှိပါသည်။ကျေးရွာတွင် ငါးဖမ်းသူ များမှာ ချောင်း/မြောင်း နှင့် အင်းများတွင် အခကြေးငွေပေး၍ လုပ်ကိုင်နေကြပါသည်။ အိမ်ထောင်စု အနည်းငယ် မှာငါးဖမ်းခြင်း လုပ်ငန်းကိုအဓိကထား အသက်မွေးဝမ်းကျောင်းပြုကာ လုပ်ကိုင်နေကြပြီး ကျေးရွာတွင် စားသုံးရန် နှင့် လူနည်းစုမှာ ငါးပိ၊ ငါးခြောက်များပြုလုပ်ကာ မြို့ပေါ်ဈေးကွက်များသို့ တင်သွင်းရောင်းချသည် အထိ လုပ်ကိုင် ကြပါသည်။

### ( ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စား အလုပ်များ၊ ခေါင်းရွက်ဗျက်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများနှင့် ဈေးရောင်းလုပ်ငန်းတို့ လုပ်ကိုင်ကြပါသည်။ အခြားလုပ်ငန်းများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေထားတွင်ရှိပါသည်။ လက်လုပ်လက်စား လုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် အခက်အခဲများ ရှိပါသည်။အသက်မွေးဝမ်းကျောင်းဖြစ်သော စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ဆံပင် အလှပြင်၊မုန့်လုပ်ငန်း၊ မော်တော်ဆိုင်ကယ်ပြုပြင်ရေး၊ မိုဘိုင်းဖုန်းပြင်၊ ဝပ်ရှော့သင်တန်းများကို မြို့ပေါ်တွင် ဖွင့်လှစ်ထားသော်လည်း သွားရောက်သင်ကြားနိုင်မှု

မရှိပါ။လုပ်ငန်းခွင်သုံးပညာ အရည်အချင်းပိုင်းတွင် အနည်းငယ်ရှိပြီး အိမ်ထောင်စု အချို့သာ သင်တန်းများသို့ တက်ရောက်ကြပါသည်။ အိမ်ထောင်စုအများစုသည် လုပ်သား ဦးရေများ ရှိသော်လည်း ရွာတွင် အလုပ်အကိုင် အခွင့်အလမ်း မလုံလောက်မှုကြောင့် ဝင်ငွေနည်း ပါးကြပါသည်။ အခြားဒေသသို့ သွားရောက်နေထိုင်လုပ်ကိုင်သူအများစုသည် ရန်ကုန်မြို့ သို့သွား ရောက်ပြီး အမျိုးသားများ အနေဖြင့် လက်သမား၊ပန်းရန်အစရှိသည့်ကာယလုပ်သားများ အဖြစ် လည်းကောင်း၊အမျိုးသမီးများအနေဖြင့် အထည်ချုပ်စက်ရုံများတွင် လုပ်ကိုင်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်နေကြကြောင်းတွေ့ရှိရပါသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများမှာ အသင့်ထုပ်ပိုးပြီးသော မြေသြဇာများ ကိုသာ အသုံးပြုကြပါသည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး နည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စိုက်ပျိုးရေးအဖွဲ့များနှင့် ချိတ်ဆက်ပြီး စွန့်ပစ်ပစ္စည်း များစီမံခန့်ခွဲမှုတွင် ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံ၊ ကော်နှင့်ဆက်စပ်သော ပစ္စည်းများ စနစ်တကျ စွန့်ပစ်ရန်အတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေး လုပ်ငန်းများ မြှင့်တင် ဆောင်ရွက်ပေးသင့်သည်။

**(င) ဘဏ္ဍာနှင့် ငွေကြေးဝန်ဆောင်မှု**

ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း၊အရောင်းအဝယ်လုပ်ငန်း၊ကုန်ထုတ်လုပ်ငန်း၊အသက်မွေး ဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူများအား အသေးစားချေးငွေ အဖွဲ့အစည်းမှလာရောက်၍ ဖွဲ့စည်း ပေးထားသော အဖွဲ့အစည်းများရှိပြီး ထုတ်ချေးပေးသော ချေးငွေကို အတိုးနှုန်းအားဖြင့် (ငွေ ၁၀၀)ကျပ် တစ်လလျှင် (၁.၅)နှုန်းဖြစ်ပြီး ချေးငွေပေးချေသည့် စနစ်မှာ အပတ်စဉ် ပေးချေးရသည်။ ထုတ်ချေးပေးသော ချေးငွေကို ကာလတိုအတွင်း ပြန်လည်ပေးသွင်းခြင်းပုံစံဖြင့် ငွေစုငွေချေ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ထို့ကြောင့် ကျေးရွာတွင် အတိုးနှုန်းသက်သာသော နှစ်ရှည်ချေးငွေလိုအပ်လျက် ရှိကြောင်း တွေ့ရှိရပါသည်။

**(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် စာသင်ကျောင်း မရှိသောကြောင့် ပတ်ဝန်းကျင်ကျေးရွာရှိ စာသင်ကျောင်း များသို့ သွားရောက် ပညာသင်ကြားနေရပါသည်။ ကျေးရွာ၏ကျောင်းတက်နှုန်းမှာ မြင့်မားလာပြီး ကျောင်းသာအရေအတွက်နှင့်နှိုင်းယှဉ်လျှင် ကျောင်းသုံးပရိဘောဂမှာ အနည်းငယ် လိုအပ်ပါသည်။ ကျေးရွာနှင့်(၁)မိုင်ခန့် ကွာဝေးသော ကျေးလက်ကျန်းမာရေးဆေးပေးခန်း ရှိသောကြောင့် ကျန်းမာရေးတွင် အခက်အခဲ မရှိသော်လည်း ဆက်သွယ်သွားလာရန် လမ်းပန်း မကောင်းသော ကြောင့် မိုးရာသီတွက် အခက်အခဲများ ကြုံတွေ့ရပါသည်။ကျေးရွာတွင် ချောင်းရေကိုသာ သုံးရေနှင့်သောက်ရေအတွက် သုံးစွဲကြပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် ကျေးရွာတွင် အပန်းဖြေအနားယူနိုင်သည့်နေရာ သီးသန့်မရှိပါ ။

လူမှုရေး လုပ်ငန်းများတွင် ပါဝင်မှု အသင့်အတင့်ရှိသလို ဘာသာရေးလုပ်ငန်းများတွင် ပါဝင်မှု တွင်လည်း အသင့်အတင့်ရှိကြပါသည်။ကျေးရွာတွင် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမှုအတွက် ဗုဒ္ဓဝင် ရွတ်ဆိုပွဲ၊ ပဋ္ဌာန်းပွဲများ ကျင်းပကာ ထိန်းသိမ်းထားပါသည်။

**(၈) အခြေခံအဆောက်အဦ -လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာ၏ လမ်းတည်ရှိမှု အနေဖြင့် ကျေးရွာတွင်းလမ်းမှာ မြေသားလမ်း ဖြစ်ပြီး ပွင့်လင်းရာသီမှသာ သွားလာရေး အဆင်ပြေကြောင်း တွေ့ရှိရပါသည်။ ချဉ်ကပ်လမ်းများနှင့် ရွာချင်းဆက်လမ်းများမှာလည်း မြေသားလမ်းများ ဖြစ်ပါသည်။

ကျေးရွာတွင် မီးလင်းရေး အနေဖြင့် လျှပ်စစ်မီးရရှိပါသည်။

မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှု ဝန်ဆောင်မှုများ အတွက် လက်လှမ်းမှီ အသုံးပြုကြသည်။အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။ တစ်ရွာလုံးအတိုင်းအတာ အနေဖြင့် လက်ကိုင်တယ်လီဖုန်း ဆက်သွယ်ရေးမှာ ကောင်းမွန်ပါသည်။

**( ၉) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်းနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်နှင့် ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ရွာသားများသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်ပါသည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားမှု မရှိသလောက် နည်းပါသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့် ရေးဆွဲထားခြင်းမရှိသေးပါ။ ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှုနည်းပါးသည်။

**အခန်း(၅)**

**ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှု များ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ**

ကျေးရွာတွင် အသင့်ဖောက်လုပ်ပြီးသော မြေသားလမ်းရှိပါသည်။ မြေသားလမ်းအား အဆင့်မြှင့်တင်မည် ဆိုပါက ရာသီမရွေးသွားလာရ အဆင်ပြေမည် ဖြစ်ပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းသားအရွယ်(၃၉)ဦးရှိသော်လည်း ကျေးရွာနှင့် (၁)မိုင်ကျော်ခန့် ဝေးသော အထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ပညာသင်ကြားနေရသဖြင့် ကျေးရွာတွင် မူလတန်းကျောင်းအား အဆင့်မြှင့်တင် ပေးနိုင်ပါက ပိုမိုအဆင်ပြေလာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူး သန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာသူ/သားများသည် သက်သွယ်ရေးကို အသုံးပြုနိုင်ရန် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို့ ဆက်သွယ်သိရှိနိုင်ပါသည်။ ဆက်သွယ်ရေးကို စျေးကွက်နှင့်ဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ပါသည်။ အင်တာနက် အသုံးပြုမှာ လည်းကောင်းမွန်ပါသည်။

**( ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

စိုက်ပျိုးရေးလုပ်ကိုင်သူ ဦးရေများပြားပြီး ခေတ်မှီသောစက်ကိရိယာများ လုံလောက်မှု မရှိပါ။သီးနှံများ စိုက်ပျိုးတိုးတက်စေရန်နှင့်အထွက်နှုန်းကောင်းမွန်စေရန် နည်းပညာအထောက် အပံ့များ လိုအပ်ပါသည်။ ပွင့်လင်းရာသီတွင်သာ ကုန်းလမ်းခရီးကို အသုံးပြုနိုင်သဖြင့် လမ်းပန်း ဆက်သွယ်ရေး ကောင်းမွန်လာပါက သွားလာရေးပိုမို မြန်ဆန်လာနိုင်ပြီး ကျေးရွာတိုးတက် ဖွံ့ဖြိုးမှုကို အထောက်အကူပြုမည်ဖြစ်ပါသည်။ ကျေးရွာတွင်းလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း အတွက် ငွေကြေးမပြည့်စုံသောကြောင့် အလှူရှင် ရှာဖွေခြင်း၊ နိုင်ငံတော်ထောက်ပံ့ငွေရရှိရန် ဌာနဆိုင်ရာများ၊ ကျေးလက်လမ်းဦးစီးဌာန နှင့်ချိတ်ဆက်ပြီးဆောင်ရွက်သွားပါမည်။

ကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စု များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်စေရန် အတွက် အထောက်အပံ့များနှင့်နည်းပညာများ၊စီမံခန့်ခွဲမှုသင်တန်းများပို့ချပေးနိုင်ပါက နောင် လာမည့်(၄)နှစ်အတွင်းဖွံ့ဖြိုးတိုးတက်လာနိုင်ပါမည်။

## အခန်း(၆)

## ပန်းတိုင်နှင့်မဟာဗျူဟာ

ကျေးရွာလူထုအားလုံး ပူးပေါင်းပါဝင်ပြီး လာမည့်(၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည် -

(က.၁) ကျေးရွာတွင်းလမ်းအားလက်ရှိမြေသာလမ်း အဆင့်မှ ကွန်ကရစ်လမ်းအဆင့်သို့ တိုးတက် လာစေရမည်။

(က.၂) ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊ အလုပ်အကိုင်များရှာဖွေခြင်း၊ အသက်မွေးဝမ်းကြောင်း ပညာသင်တန်းများ ရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်း နှင့်စီးပွားရေး အနေအထား တိုးတက်လာစေရမည်။

(က.၃)ကျေးရွာတွင်းလက်ရှိသုံးစွဲနေသောချောင်းရေအစားသန့်ရှင်းသောသောက်သုံးရေရ ရှိနိုင် ရေးအတွက် ဆောင်ရွက်နိုင်ရမည်။

(က.၄) ကျေးရွာအတွင်း ချေးငွေများကို အတိုးနှုန်းသက်သာစွာ ချေးယူရန်နှင့် ရေလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလာစေရန် ဆောင်ရွက်နိုင်ရမည်။

### ( ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များသို့ ရောက်ရှိစေရန် အောက်ပါအကောင်အထည်ဖော်နည်းများကို ဆောင်ရွက်သွားမည် -

(ခ.၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီးစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အရင်း အနှီးငွေများရှိပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအိမ်တွင်းမှု လုပ်ငန်း များအတွက် ခွဲဝေနေရာချထားပေးမည်။ အလားတူပင် ကျေးရွာတွင်စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် သင်တန်းများ တက်ရောက် နိုင်ရန် အတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်း တက်ထား သူများကလည်းရရှိထားသော နည်းပညာများကို ကျေးရွာရှိ လူထုကိုပြန်လည် မျှဝေပေးပြီး မိမိကိုယ်တိုင်ကလည်း ကိုယ်ပိုင် လုပ်ငန်းများတွင် အသုံးချပြီး ထုတ်လုပ်မှုကို တိုးတက်စေမည်။

(၁.၂) ကျွန်ုပ်တို့သည် အပ်ချုပ်၊ ပန်းရံ၊ လက်သမား၊ စက်ပြင်နှင့် မော်တော်ဆိုင် ကယ်ပြင် စသော သင်တန်းများ တက်ရောက်နိုင်ရန် စီစဥ်ပေးမည်။ ထိုသင်တန်းများသည် သင်တန်းသားများ အတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရ လုပ်ငန်းများထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဥ်နှင့် ချိတ်ဆက်ပေးမည်။

(၁.၃) ကျေးရွာတွင် ကျေးရွာလမ်းများ အဆင့်မြှင့်တင်ခြင်းများ ဆက်တိုက်ဆောင်ရွက်ပေးသွားမည်။ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်း မွန်လာစေရေးဆောင်ရွက်မည်။ တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြု စီမံခန့်ခွဲ၊ ထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်ရေးကိုလည်း တိုးတက် နိုင်အောင် ဆောင်ရွက် ကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုးတက်အောင် ဆောင်ရွက်ကြမည်။ ကျေးရွာလူမှု အဖွဲ့အစည်းများ ကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည် ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန်တိုက်တွန်းအားပေး ဆောင် ရွက်မည်။

# အခန်း(၇)

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်ဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ -

အစိုးရ၏ မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်တော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေး နိုင်ကြပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှလည်း အထောက်အပံ့ ရရှိမည် ဟုမျှော်လင့်ပါသည်။

ကျွန်တော်တို့ ကျေးရွာသူ/သားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေး စီမံချက် များနှင့် ဘတ်ဂျက် ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေး စီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

### ( ခ)   စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါး၊ ငှက်ပျောနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပါသည်။ ရေကြီး နစ်မြုပ်မှုနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရပါမည်။ ဖျက်ပိုးများ အန္တရာယ် အတွက်လည်း နှိမ်နင်းရေး ဝန်ဆောင်မှုများလိုအပ်နေပါသည်။

### ( ဂ)   ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းများ အတွက်နှင့် အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေများ ကာလရှည် အတိုးနှုန်း သက်သာစွာ ချေးယူရရှိနိုင်ပါက ကျေးရွာဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာနိုင်ပါသည်။အထူးသဖြင့် လယ်သမားများနှင့်အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့်အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်းထားပြီးဖြစ်သော်လည်း မြို့နယ်သမဝါယမအသင်းက ချေးငွေ လိုအပ်သူရွာသူ/သားများအတွက် ထပ်မံ၍ ချေးငွေအစီအစဉ်ကို ဆောင်ရွက်သင့်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက် နေသည့် မြစိမ်းရောင်အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ရရှိနိုင်ရေးအတွက် တင်ပြတောင်းခံ ပါမည်။

### (ဃ)   ကျေးလက်အသေးစား စက်မှုလက်မှုလုပ်ငန်းပိုင်းဆိုင်ရာ အထောက်အပံ့

ကျေးရွာတွင် လျှပ်စစ်မီးရရှိ၍ အသေးစား စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာနိုင်မည့် အလားအလာရှိပြီး အလုပ်အကိုင်နှင့် အမြတ်အစွန်းများ ရရှိရန် အထူးသဖြင့် လူငယ်နှင့်အမျိုးသမီးများအတွက် အခွင့်အလမ်းများရရှိပါသည်။ သို့သော် ၎င်းတို့တွင် လုပ်ငန်းဆိုင်ရာစီမံအုပ်ချုပ်မှု နည်းပညာနှင့် ဈေးကွက်လက်လှမ်းမီမှုတွင် အားနည်းပါသည်။ ကျေးရွာတစ်ခုလုံး၏ အမျိုးမျိုးကွဲပြားနေသော လုပ်ငန်းများ(ကုန်ထုတ်ခြင်း၊ စက်မှု၊ လက်မှုလုပ်ငန်းများ)အတွက် လုပ်ငန်းစီမံခန့်ခွဲရေးထောက်ပံ့ခြင်းကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထည့်သွင်းရေးဆွဲရန် ခက်ခဲပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခု ထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲမှုအောက်တွင် ထားရှိပါက တစ်နှစ်ပတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ ထို့အဖွဲ့တွင် ကျွမ်းကျင်ပညာရှင်အချို့နှင့် တိုးချဲ့ပညာပေးရေး ဝန်ထမ်းအချို့ပါဝင်မည်ဖြစ်ပြီး၊ မြို့နယ်ဒေသမှသည် ကျေးရွာဒေသအထိလိုအပ်သော စီးပွားရေး လုပ်ငန်းစီမံခန့်ခွဲမှု အထောက်အကူပြုလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်းရှိရပါမည်။

### ( င ) ကျေးလက်ဈေးဆောက်လုပ်ရေး

ကျေးရွာတွင် သီးသန့်ဈေးရောင်းချသည့် ဈေးကွက်မရှိသော်လည်း ရွာနှင့်(၁၀)မိုင် အကွာတွင် မအူပင်မြို့နယ် မအူပင်မြို့မဈေးတွင် သွားရောက်ဝယ်ယူရောင်းချနိုင်ပါသည်။ ကျေးရွာတွင် ဈေးဆောက်လုပ်ရန် နေရာမရှိသော်လည်း ကုန်စိမ်း၊ကုန်ခြောက် ရောင်းချနိုင်ရန် အတွက် စုပုံကွင်းနေရာဖော်ဆောင်မည်ဆိုပါက အဆင်ပြေနိုင်ပါသည်။

### ( စ ) ပညာရေးတိုးတက်ကောင်းမွန်လာစေရေး

ကျေးရွာတွင် မူလတန်းစာသင်ကျောင်းရှိပြီး ကျောင်းဆရာ/ဆရာမများအတွက် သီးသန့်အိမ်ယာမရှိခြင်းကြောင့် ဆရာ/ဆရာမ များသွားလာရေးနှင့် နေထိုင်ရေးတို့မှာ အခက်အခဲနှင့် ကြုံတွေ့ရပါသည်။ ထို့ကြောင့် ဝန်ထမ်းအိမ်ယာဆောက်လုပ် ပေးရန်လိုအပ်ပါသည်။

### (ဆ) ကျန်းမာရေးတိုးတက်လာစေရေး

ကျေးရွာမှ သောက်ရေအတွက် ရေကန်နှင့်ရေတုံကင်များကို အသုံးပြုကြရပါသည်။ ကျေးရွာတွင် အိမ်ထောင်စု အများစုမှာ ယင်လုံအိမ်သာအသုံးပြုကြပါသည်။ကျန်းမာရေးအတွက် ကျေးလက်ဆေးပေးခန်းနှင့် ဝေးကွာသောကြောင့် အခက်အခဲအနည်းငယ် ရှိပါသည်။

### (ဇ) လမ်းပန်းဆက်သွယ်ရေး

ကျေးရွာတွင် ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကား၊ဆိုင်ကယ်၊ထော်လာဂျီ၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များကို အသုံးပြု၍ သွားလာနေပါသည်။ လမ်းကြီး၊လမ်းငယ်များကို စနစ်တကျ

စီမံခန့်ခွဲရန် လိုအပ်ပြီး သွားလာနေသော ယာဉ်များ အားနှင့်ဝန် ခံနိုင်စေရန် ရွာတွင်း လမ်းများကို ကွန်ကရစ်လမ်းများခင်းရန် လိုအပ်ပါသည်။ ပြောင်းလဲတိုးတက်မှုနှင့်အညီ လမ်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့မှ ဆောင်ရွက် ပေးရန်လိုအပ်ပါသည်။ ရွာတွင်းလမ်း အချို့မှာ မိုးရာသီချိန်တွင် ရွှံ့ညွံ့ များ ထူထပ်မှုကြောင့် သွားလာ ရေးများကိုလည်း ခက်ခဲစေပါသည်။

## အခန်း(၈)

## စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်မည့် အချိန်ကာလ

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများ အဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များ သည် (၅)နှစ်တာ စီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များသို့ ရောက်ရှိရန် တာဝန်ပေး မည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

### (က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း

ကျေးရွာလူထုက(၅)နှစ်တာ စီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှု မရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာလူထုသည် (၂)နှစ်၊ (၃)နှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း များကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလည်းမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါသည်။ ထိုကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ် လည်ဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုခွဲခြားခြင်း

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံပြီးအုပ်စုခွဲခြားသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification) ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ အတွက်သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်ပါသည်။ ရင်းနှီးမြုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသတ်ရောက်မှုဆိုင်ရာ ငွေလုံး

ငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional Classification) သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များ အလိုက်ဖော် ထုတ်ထားသော ကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (EconomicClassification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ ပါဝင်ပါသည်။

### (ဂ) ဦးစားပေးစီမံချက်များ

ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုမှ နှစ်သက်ရာ အမှတ်ပေးအဆင့် ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ် အစည်းအဝေးတွင် စီမံချက်များ ဦးစားပေး အစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှလည်း နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း အစည်းအဝေးတွင် သဘောတူသတ်မှတ် ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည် -

### (ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များနှင့် အခြေခံ၍ ရေးဆွဲထား

ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်အမည် | အဆင့် | လုပ်ငန်းအကောင်အထည်ဖော်မည့်နှစ် | | | | |
|---|---|---|---|---|---|---|---|
| | | | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ လဘ |
| ၁ | ကျေးရွာတွင်း ကျောက်ပြားလမ်းခင်းခြင်း | ၁ | ✓ | | | | |
| ၂ | နှစ်ရှည်ချေးငွေလိုအပ်ခြင်း | ၂ | | ✓ | | | |
| ၃ | ရေသန့်စက်လိုအပ်ခြင်း | ၃ | | | ✓ | | |
| ၄ | အသက်မွေးဝမ်းကျောင်းသင်တန်းများလိုအပ်ခြင်း | ၄ | | | ✓ | | |
| ၅ | အားကစားကွင်းလိုအပ်ခြင်း | ၅ | | ✓ | | | |
| ၆ | စိုက်/မွေး နည်းပညာလိုအပ်ခြင်း | ၆ | | | | ✓ | |
| ၇ | ပညာရေးအဆင့်မြှင့်တင်ခြင်း | ၇ | | | | ✓ | |
| ၈ | ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း | ၈ | | | | ✓ | |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာများ (indicative)အဖြစ် ကိုးကာရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက်ပြုစုရေးဆွဲ အကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ - လုပ်အား၊ သဲ၊ ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန်စသည်)

| စဉ် | စီမံချက် | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအုပ်စုသတ်မှတ်ခြင်း | | | |
|---|---|---|---|---|---|---|
| | | | သာမာန် အသုံး စရိတ် | ငွေလုံး ငွေရင်း အသုံးစရိတ် | စွမ်းဆောင် ရည် မြှင့်တင် ရေး | လူသား ချင်း စာနာမှု အထောက် အပံ့ |
| ၁ | **ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း** | | ✓ | | | |
| ၂ | နှစ်ရှည်ချေးငွေလိုအပ်ခြင်း | | ✓ | | | |
| ၃ | ရေသန့်စက်လိုအပ်ခြင်း | | ✓ | | | |
| ၄ | အသက်မွေးဝမ်းကျောင်းသင်တန်းများလိုအပ်ခြင်း | | ✓ | | | |
| ၅ | အားကစားကွင်းလိုအပ်ခြင်း | | ✓ | | | |
| ၆ | စိုက်/မွေး နည်းပညာလိုအပ်ခြင်း | | ✓ | | | |
| ၇ | ပညာရေးအဆင့်မြှင့်တင်ခြင်း | | ✓ | | | |
| ၈ | ကျေးရွာအဝင်လမ်းအဆင့်မြှင့်တင်ခြင်း | | ✓ | | | |

**အခန်း(၁၀)**

**ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်

မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်သို့ ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန် ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေး ရေးဆွဲခြင်းတွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်မှာ ကျွန်ုပ်တို့ ကျေးရွာလူထု၏ တာဝန်ပင်ဖြစ်သည်။ ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်း အသီးသီး ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ - မိဘဆရာအသင်းသည် ကျေးရွာအထက်တန်းကျောင်း ၏ပညာရေး အရည်အသွေးတိုးတက်ကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့ ကခေတ်မီလယ်ယာဖော်ထုတ်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်သည်။

### ( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်တော်တို့ ကျေးရွာအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသောဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်း များကိုလည်း ရှာဖွေသည်။ ဥပမာ - မိဘဆရာအသင်းသည် အတန်းပညာ သင်ကြားမှုအရည်အသွေး တိုးတက်ကောင်းမွန်စေရန်မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ပါ သည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဖြစ်ကျေးရွာတွင်လမ်းအား အဆင့်မြှင်တင်ရန် သက်ဆိုင်ရာဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### ( ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့် မှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ (နိုင်ငံတကာ ဖွံ့ဖြိုးမှု အဖွဲ့အစည်း များ၊ပုဂ္ဂလိက အဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းများတွင် ဖော်ပြ ထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသော အဖွဲ့ခွဲ ၏တာဝန်သာဖြစ်သည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာမြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။

ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသော အဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက် ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကိုထားရှိမည်။ ဥပမာ - ကျေးရွာအတွင်းလမ်းများ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများအားသတ်မှတ်ပါမည်။

ကျွန်ုပ်တို့ ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များကိုထားရှိမည်။ ဥပမာ - ကျေးရွာအတွင်းလမ်းများ အဆင့်မြှင့်တင်ဆောက်လုပ်ခြင်းအတွက် နှစ်စဉ်လမ်းပြုပြင်ခြင်းအတွက် ထည့်ဝင်လှူဒါန်းလိုသူများထံမှ အလှူငွေများကောက်ခံခြင်း၊ လမ်းပေါ် ဝင်ထွက်သွားလာနေသောယာဉ်နှင့် ကုန်ပစ္စည်းပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများကို သတ်မှတ်ပါမည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ အဖွဲ့ခွဲအား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် လမ်းတံတား ပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသဖြင့် ဆောင်ရွက်ပါမည်။

## အခန်း(၁၁)

## စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးဆွဲခြင်း အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း**

အထူးသဖြင့် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်ဆိုင် တိုးတက်မှုနှင့်ငွေကြေးဆိုင်ရာ တိုးတက်မှုတို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီးကော်မတီ အသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ ရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်းများ ဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့် အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု၏ အစီရင်ခံစာကို ရွာလူထုအစည်းအဝေးပွဲ၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များပေါ်ဦးတည်ပါမည်။

## (၁) လုပ်ငန်းပိုင်ဆိုင်ရာတိုးတက်မှု

- စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်ဆိုင်ရာ တိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

## (၂) ငွေကြေးဆိုင်ရာတိုးတက်မှု

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီးဆိုင်ရာ လိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)
- (၃)လပတ်အကုန်တွင် ငွေသားနှင့်အခြားပစ္စည်းလက်ကျန်
- ငွေသားနှင့် ငွေသား မဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန်အဆိုပြုနည်းလမ်းများ။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများကို အစီရင်ခံစာပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂-၃မျက်နှာခန့် ပါဝင်၍ အောက်ပါအချက်များကို အဓိကထား ဖော်ပြပါမည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာ

သူ /သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအရင်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

## ( ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်းပုဂ္ဂိုလ်များအား ကျွန်ုတို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်းတီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းမှာ -

- ကျေးရွာအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြား သက်ဆိုင်ရာ အဖွဲ့အစည်းများ(ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ )
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။ နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် ပတ်သက်သူများထံမှ အကြံပြုချက် သုံးသက်ချက်များရယူနိုင်သော အခွင့်အလမ်းများကိုလည်း ရရှိပါမည်။ ဤ အကြံပြုချက်ဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ပါမည်။

## ( ဂ) နည်းပညာဆိုင်ရာ အကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ-အကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

**ကျုံနတ္တော်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာ**

**ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်များ**

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြု ဖွံ့ဖြိုးရေး လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | -တစ်နှစ်ပတ်လုံးသွားလာရေ ခက်ခဲခြင်း | - ကျေးရွာချင်း တောင် မြောက် ဆက်သွယ်သော လမ်းမကောင်းခြင်း | - ကျေးရွာနေပြည်သူ လူထု၏ထည့်ဝင်ငွေ များရှိခြင်း<br>- လမ်းကိုအဓိ က အသုံးပြု၍ကျောင်း သား/သူများ ကျောင်းသွားရခြင်း | - ကျေးရွာတွင်ထည့် ဝင်ငွေမလုံလောက် ခြင်း | - ရွာချင်းဆက်အားကွန် ကရစ်လမ်းဖြစ်မြောက်နိုင် ရန်အလှူရှင်များ၊ဖွံ့ဖြိုးရေး အ ဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် ခြင်း | - ကွန်ကရစ်လမ်းခင်း ခြင်းစီမံချက် |
| ၂ | - ဆင်းရဲသောမိသားစု များသောကြောင့် ဝင်ငွေတိုးပွားမှု မရှိခြင်း | - အရင်းအနှီး အခက်အခဲဖြစ်ခြင်း | - တစ်နိုင်တစ်ပိုင် ရောင်းချစားသောက် ရန် စိတ်ပါဝင်စား သူများပြားခြင်း | - အလွယ်တကူ ချေးငွေ မရနိုင်ခြင်း | - သက်ဆိုင်ရာဌာနသို့ တင်ပြတောင်းခံခြင်း | - နှစ်ရှည်ချေးငွေလိုအပ်ခြင်းစီမံချက် |
| ၃ | သန့်ရှင်းသော | - ရေကြောင့်ဖြစ်သော | -ကျေးရွာမှလုပ်သား | -ကျေးရွာတွင်ထည့် | -သက်ဆိုင်ရာ ဌာနသို့ | -ရေသန့်စက်လိုအပ်ခြင်းစီမံချက် |

| | | | | | | |
|---|---|---|---|---|---|---|
| | သောက်သုံးရေရရှိမှု မရှိခြင်း | ရောဂါ များ နှစ်စဉ်ဖြစ်ပေါ်ခြင်း | ဖြင့်ထည့်ဝင်နိုင်ခြင်း စိတ်အားထက်သန်ခင်း | ဝင်ငွေမလုံလောက် ခြင်း | တင်ပြတောင်းခံခြင်း | |
| ၄ | အမျိုးသမီးများကိုဦးတည် သော အသက်မွေးဝမ်း ကျောင်းပညာသင်ကြား ပေးမှု မရှိသဖြင့် မိသားစုဝင်ငွေနည်းပါးခြင်း | -အမျိုးသမီးငယ်များ အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း | -စက်ချုပ်တက်ပါက အထည်ချုပ်စက်ရုံများ တွင်ဝင်ရောက်လုပ်ကို င်နိုင်ခြင်း | -သင်တန်းတက် ရောက်ရန် ငွေကြေး မရှိခြင်း | -ကျေးလက်ဦးစီးဌာနတွင် စက်ချုပ်သင်တန်းများ အခမဲ့ ဖွင့်လှစ်ပေးနေခြင်း | -အသက်မွေးဝမ်းကြောင်းပညာ သင်တန်းများဖွင့်လှစ်ရေးစီမံချက် |

**ကျုံနတ္တော်ကျေးရွာအုပ်စု၊ သရက်တောကျေးရွာ၊ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ များစာရင်း**

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁ | ဦးအောင်ဆန်းဝင်း | ဥက္ကဋ္ဌ |
| ၂ | ဦးတင်ကြိုင် | ဒု-ဥက္ကဋ္ဌ |
| ၃ | ဦးကျော်နိုင် | အတွင်းရေးမှူး |
| ၄ | ဦးဆန်းထွန်း | အတွင်းရေးမှူး-၂ |
| ၅ | ဦးဇင်ဦး | ဘဏ္ဍာရေးမှူး |
| ၆ | ဦးအောင်ကိုဝင်း | စာရင်းကိုင် |
| ၇ | ဦးသန်းဇော် | စာရင်းကိုင်-၂ |
| ၈ | ဦးမင်းမင်း | အဖွဲ့ဝင် |
| ၉ | ဦးချစ်သောင်း | အဖွဲ့ဝင် |
| ၁၀ | ဦးအောင်သူရိန်လင်း | အဖွဲ့ဝင် |
| ၁၁ | ဒေါ်မြင့်သိန်း | အဖွဲ့ဝင် |
| ၁၂ | ဦးစိန်ဦး | အဖွဲ့ဝင် |
| ၁၃ | ဦးဝင်းနိုင် | အဖွဲ့ဝင် |
| ၁၄ | ဒေါ်သန်းသန်းလွင် | အဖွဲ့ဝင် |
| ၁၅ | ဦးမြင့်ထွန်း | အဖွဲ့ဝင် |

## ကျုံနတွော်ကျေးရွာအုပ်စု ၊ သရက်တော ကျေးရွာ၊မအူပင်မြို့

နောက်ဆက်တွဲ (၂)

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူအရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | - | ၃ | | |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၆ | ၁၃ | ၁၉ | | |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၂၂ | ၃၉ | | |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၂၃ | ၁၅ | ၃၈ | | |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၆ | ၁၄၀ | ၂၄၆ | | |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၇ | ၇ | ၁၄ | | |
| **စုစုပေါင်း** | | **၁၆၂** | **၁၉၇** | **၃၅၉** | | |
| **စုစုပေါင်း အိမ်ထောင်စု -** | | ၉၂ | | | | |

ရင်းမြစ်… (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

